http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

**ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး**

**ရှိခိုးတော်မူလေ့ရှိသော**

# ဘုရားရှိခိုးများ

(ရတနာသုံးပါးဂုဏ်တော်ရှိခိုး၊ ဉာဏ်စဉ်(၁၆)ပါးရှိခိုးနှင့်
ပဋိပတ္တိပူဇနာကာရဘုရားရှိခိုးများပါဝင်သည်)


| သာသနာနှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် |
|---|---|---|
| ၂၅၆၁ | ၁၃၇၉ | ၂၀၁၇ |

(နဝမ အကြိမ်)

http://www.dhammadownload.com MHS000045

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
ရှိခိုးတော်မူလေ့ရှိသော

# ဘုရားရှိခိုးများ

(ရတနာသုံးပါးဂုဏ်တော်ရှိခိုး၊ ဉာဏ်စဉ်(၁၆)ပါးရှိခိုးနှင့်
ပဋိပတ္တိပူဇနာကာရဘုရားရှိခိုးများပါဝင်သည်)

| သာသနာနှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် |
|---|---|---|
| ၂၅၆၁ | ၁၃၇၉ | ၂၀၁၇ |

(နဝမအကြိမ်)

http://www.dhammadownload.com

# ဘုရားရှိခိုးစာအုပ်

## ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ်-၆၃/၉၄(၁၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ်-၃၆/၉၄(၁၁)

နဝမအကြိမ်
အုပ်ရေ - ၅၀၀၀
၂၀၁၇-ခုနှစ်၊ ဩဂုတ်လ
ရောင်းဈေးနှုန်း - ၃၀၀-ကျပ်

© ၂၀၁၇-ခုနှစ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာမူပိုင်

ဤစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ထုတ်ဝေသူ၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ကူးယူပုံနှိပ်ဖြန့်ဝေခွင့်ရှိပါသည်။

ထုတ်ဝေသူနှင့် ဖြန့်ချိရေး

ဦးစံထူး (၀၁၂၇၉)
အတွင်းရေးမှူး၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၄၅၄၆၉၊ ၀၁-၅၄၁၉၇၁

ပုံနှိပ်တိုက်

ဦးစည်သူကိုကို (မြ-၀၀၀၂၈)
တော်ဝင်ထွန်း ပုံနှိပ်တိုက်
အမှတ် (၇၄)၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လွန်းပျံရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ဆဋ္ဌသင်္ဂီတိပုစ္ဆက ၊ အဂ္ဂမဟာပဏ္ဍိတ

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ

၂၉-၇-၁၉၀၄-သောကြာနေ့တွင် ဖွားသန့်စင်၍၊ ၁၄-၈-၁၉၈၂-စနေနေ့တွင် စံလွန်တော်မူသည်။
၁၃-၈-၁၉၈၂-သောကြာနေ့တွင် ချီးမြှင့်ခဲ့သော နောက်ဆုံးပုံတော်

http://www.dhammadownload.com

# မှတ်သားဖွယ်ရာမာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း | က |
| ၂။ | ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ အမှာစာ | ဠ |
| ၃။ | မင်္ဂလာဦးအောင်မြင့်နိဒါန်း ရတနာသုံးပါးဘုရားရှိခိုး | ဏ |
| ၄။ | မဟာစည်ဩကာသ ကန်တော့ခန်း | ၁ |
| ၅။ | ဘုရားဂုဏ်တော်ကိုးပါး ရှိခိုးအကျဉ်း | ၃ |
| ၆။ | ဘုရားဂုဏ်တော်ကိုးပါး ရှိခိုးအကျယ် | ၉ |
| ၇။ | တရားဂုဏ်တော် (၆)ပါး ရှိခိုး | ၄၅ |
| ၈။ | သံဃာ့ဂုဏ်တော် (၉)ပါး ရှိခိုး | ၄၇ |
| ၉။ | ဉာဏ်စဉ် (၁၆)ပါး ဘုရားရှိခိုး | ၅၀ |
| ၁၀။ | ပဋ္ဌိပတ္တိပူဇနာကာရ ဘုရားရှိခိုး | ၅၆ |

http://www.dhammadownload.com

# မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

------

မဟာစည်ဆရာတော် လောင်းလျာ သားရတနာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်အုပ်တို့က သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်၊ (၂၉–၇–၁၉၀၄) သောကြာနေ့၊ နံနက် (၃း၀၀)နာရီအချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။ ငယ်မည်မှာ "မောင်သွင်" ဖြစ်သည်။

၁၂၇၂–ခုနှစ် (၁၉၁၀–ခု) ၆–နှစ်သားအရွယ်တွင် ဆိပ်ခွန် ရွာ၊ အင်ကြင်းတောတိုက်၊ ပျဉ်းမနား ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စထံတွင် အခြေခံစာပေများ သင်ကြားခဲ့ပါသည်။ ၁၂၇၈–ခုနှစ် (၁၉၁၆ –ခု) ၁၂–နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်း ငယ်ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စထံမှာပင် ခမည်းတော် မယ်တော်များ၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ် သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ

http://www.dhammadownload.com



"ရှင်သောဘန" ဖြစ်ပါသည်။ ၁၂၈၅–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၄)ရက်၊ (၂၆–၁၀–၁၉၂၃) ဗုဒ္ဓဟူးနေ့ နံနက်(၈း၀၀)နာရီအချိန်တွင် အင်ကြင်းတောတိုက် ခဏ္ဍာသိမ်တော်တွင် ဦးအောင်ဘော်+ဒေါ်သစ်တို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ ထန်းစင်ရွာ၊ သုမေဓာကျောင်း ဆရာတော် ဘဒ္ဒန္တနိမ္မလထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

၁၂၈၆–ခုနှစ် (၁–၉–၁၉၂၅) ရဟန်းဝါမရမီ အစိုးရပါဠိ ပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ၁၂၈၈–ခုနှစ် (၁၉၂၇)တွင် ပထမလတ်တန်း၊ ၁၂၈၉–ခုနှစ် (၁၉၂၈)တွင် ပထမကြီးတန်းတို့ကို ဖြေဆို အောင်မြင်ခဲ့သည်။ ၁၃၀၃–ခုနှစ်၊ (၁၉၄၂)တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲကို ကျမ်းရင်း (၃)ကျမ်းနှင့်တကွ ဂုဏ်ထူး(၅)ကျမ်းတို့ကို ဖြေဆို အောင်မြင်တော် မူခဲ့သဖြင့် ဘဒ္ဒသောဘန (သာသနာဓဇ သိရီ ပဝရဓမ္မာစရိယ) ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

၁၂၉၀–ခုနှစ် (၁၉၂၉)၊ ငယ်ဆရာများနှင့်တကွ မန္တလေး မြို့ အနောက်ပြင်၊ ခင်မကန်ကျောင်းတိုက်၊ ဘွားတော်ကျောင်း တွင် သီတင်းသုံးနေထိုင်လျက် ချမ်းသာကြီးတိုက်ဆရာတော်

http://www.dhammadownload.com



ဘဒ္ဒန္တလက္ခဏ၊ ခင်မကန်တိုက် သစ်ကျောင်းဆရာတော် ဘဒ္ဒန္တကုန္တဝံသာ ဘိဝံသစသော ပရိယတ္တိအကျော်အမော် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ စာပေ ကျမ်းစာများကို ဆည်းပူးလေ့လာ သင်ယူတတ်မြောက်တော်မူခဲ့သည်။ ၁၂၉၁-ခုနှစ် (၁၉၃၀) ဝါဆိုလတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်း ကလေးတိုက်ကျောင်းမှ မိမိ၏ ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စမထေရ်က ခေါ်ယူတော်မူသောကြောင့် သွားရောက်ပြီးလျှင် ထိုကျောင်းတိုက်ရှိ ရဟန်း, သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူသည်။

၁၂၉၃-ခုနှစ် (၁၉၃၂) ပြာသိုလတွင် သမထ၊ ဝိပဿနာ တရား အားထုတ် ကျင့်သုံးလိုသောကြောင့် သီတင်းသုံးဖော် ဘဒ္ဒန္တ တေဇိန္ဒနှင့် ဇင်းကျိုက်၊ သထုံ၊ ကေလာသ၊ မြသပိတ်တောင်၊ ကျိုက်ထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဦးအုန်းခိုင်တောကျောင်း စသည့်နေရာတို့တွင် ကမ္မဋ္ဌာန်းနည်းများကို ကျင့်သုံးစူးစမ်းလေ့လာရင်းမှ နောက်ဆုံး၌ သထုံမြို့၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရား ကြီးထံတော်၌ သတိပဋ္ဌာန် ရှုမှတ်နည်းများကို နည်းခံကျင့်သုံးခဲ့ပါသည်။ ၁၂၉၄-ခုနှစ် (၁၉၃၃) ဝါဆိုလဆန်း(၇)ရက်နေ့တွင် မိမိဆရာဖြစ်တော်မူသော ဘဒ္ဒန္တအာဒိစ္စမထေရ်မြတ် မကျန်းမာကြောင်း အကြောင်းကြား

http://www.dhammadownload.com



သဖြင့် သထုံမှ မော်လမြိုင် တောင်ဝိုင်း ကလေး တိုက်ကျောင်းသို့ ပြန်လည်ကြွရောက် တော်မူခဲ့ပါသည်။

၁၃၀၀–ပြည့်နှစ် (၁၉၃၈–ခု၊ မေလ)တွင် ဇာတိမြေ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ညီဖြစ်သူ ကွယ်လွန်သဖြင့် ပြန်ကြွခဲ့သည်။ (၇)လတိတိ သီတင်းသုံးနေထိုင်လျက် မိမိဆွေမျိုး ဦးထွန်းအေး၊ ဦးဖိုးချို၊ ဆရာကြံ(၃)ဦးတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို စတင်၍ ဟောကြားပြသတော်မူခဲ့ပါသည်။ ထို့နောက် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ပြန်ကြွပါသည်။ ၁၃၀၃–ခုနှစ် (၁၉၄၁–ခု)၊ နတ်တော်လတွင် ဒုတိယကမ္ဘာစစ်ကြောင့် မော်လမြိုင်တောင်ဝိုင်း ကလေးတိုက် ကျောင်းမှ ဇာတိဆိပ်ခွန်ရွာသို့ တစ်ဖန်ပြန်လည် သီတင်းသုံး နေထိုင်တော်မူသည်။ ထိုနှစ်တွင် သတိပဋ္ဌာန်ဝိပဿနာ တရားကို ဆက်လက်ဟောပြ ညွှန်ကြားရာ တရားအားထုတ်ကြသော ယောဂီများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာပြီး ဆိပ်ခွန် ကျေးရွာတွင် ယောဂီများ တရားအားထုတ်ရန်(ချိန်တွင်) နှိုးဆော်တီးခတ် လေ့ရှိသည့် (ကြီးမားသော စည်ကြီးကို အကြောင်း ပြု၍) မှည့်ခေါ်ထားသော မဟာစည်ကျောင်းတွင် သီတင်းသုံးသဖြင့် "မဟာစည် ဆရာတော်" ဟု ခေါ်ဝေါ်ခဲ့ကြ ပါသည်။

http://www.dhammadownload.com

(င)

၁၃၀၅–ခုနှစ် (၁၉၄၄–ခု)တွင် စာမျက်နှာ(၉၅၀)ခန့်ရှိသော ဝိပဿနာရှုနည်းကျမ်းကြီး (ပ/ဒု)ကို (၇)လ အတွင်းမှာပင် ရေးသားပြုစုခဲ့ပြီး အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ဖြန့်ချိပေးခဲ့ရပါသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ကျမ်း (၄)တွဲနှင့် အခြားဟောကြားရေးသားသော ကျမ်းပေါင်း(၈၀)ကျော် ရေးသားပြုစုတော် မူခဲ့ပါသည်။

၁၉၄၇–ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိနှင့်ပဋိပတ္တိ သာသနာတော်ကြီးကို တိုးတက်ပြန့်ပွားစေရန် ရည်သန်လျက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဆာဦးသွင်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ ရန်ကုန်မြို့၌ တည်ထောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဆာဦးသွင်က ရန်ကုန်မြို့ ဗဟန်းရှိ မြေငါးဧကကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးလှူကာ မဟာစည်သာသနာ့ရိပ်သာကြီးကို ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ယခုအခါ ရိပ်သာကြီးသည် ဧက နှစ်ဆယ်အထိ ကျယ်ပြန့်လျက်ရှိပြီး ဓမ္မာရုံ ကျောင်းဆောင်ကြီးများ၊ နာယကကျောင်းဆောင်များ၊ ရဟန်း, ရှင်, လူ, အမျိုးသား, အမျိုးသမီးယောဂီ ကျောင်းဆောင်များဖြင့် တိုးတက်ကြီးပွားလျက် ရှိပါသည်။

http://www.dhammadownload.com



၁၉၄၉ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုနှင့် ဆာဦးသွင်တို့သည် ကျေးရွာတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအား ဝိပဿနာ တရားတော်များ ဟောကြားပြသပေးတော်မူရန် ရန်ကုန်မြို့သို့ ပင့်ဆောင်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ(၄) ရက်နေ့တွင် မဟာစည် ဆရာတော်ကြီးသည် ပထမဆုံးအကြိမ်အဖြစ် ယောဂီ (၂၅) ယောက်တို့ အား ဝိပဿနာတရားတော်များ ဟောကြားပြသ ပေးတော်မူခဲ့ပါသည်။ နှစ်အနည်းငယ်အတွင်း မဟာစည်တရား ရိပ်သာများသည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံး၌ ဖွင့်လှစ်နိုင်ခဲ့ရာ ၂၀၁၆–ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ရိပ်သာပေါင်း (၆၈၃) ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်း နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများတွင်လည်း အလားတူရိပ်သာများ ဖွင့်လှစ်ပြီး ဆရာတော်ကြီး၏ ဝိပဿနာနည်းလမ်းအတိုင်း ပြသဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆–ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မဟာစည်နည်းဖြင့် ဝိပဿနာ တရားရှုမှတ် အားထုတ်ပြီးသည့် ပြည်တွင်း/ပြည်ပ ယောဂီအရေ အတွက်မှာ ၄,၈၁၅,၈၄၄ ရှိပါသည်။

သာသနာ့ရိပ်သာကြီးသို့ ရောက်ပြီးနောက် (၄)နှစ်ကျော် ကြာ ၁၃၁၅–ခုနှစ်၊ ၁၉၅၄–ခုနှစ်တွင် မဟာစည် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညို

http://www.dhammadownload.com



လေးစား၍ နိုင်ငံတော်အစိုးရက လှူဒါန်းဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ၁၃၁၆ ခုနှစ် (၁၇.၅. ၁၉၅၄) ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စတင်၍ ကျင်းပခဲ့ရာ (၂)နှစ်ခန့် ကြာအောင် ကျင်းပခဲ့ရာတွင် မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်တော်မူခဲ့ပါသည်။ မဟာစည် ဆရာတော်ဘုရားကြီးသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နောက်ဆုံး တည်းဖြတ်စစ်ဆေးရသော ဩသာန သောဓေယအဖွဲ့တွင်ပါဝင်ပြီး ပါဠိ အဋ္ဌကထာများကို ရွတ်ဆို၍ အတည်ပြုတော်မူခဲ့ပါသည်။ ထို့အပြင် မဟာစည် ဆရာတော်သည် အမေး(ပုစ္ဆက) ဆရာတော်အဖြစ် ပါဝင်၍ လည်းဆောင်ရွက်တော် မူခဲ့ပါသည်။ ထိုအမေး(ပုစ္ဆာ)များကို ပိဋကသုံးပုံ အာဂုံဆောင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဖြေကြားပေးတော် မူခဲ့ပါသည်။

အရေးပါသော အခန်းကဏ္ဍကို ရေးသားဖော်ပြရမည်ဆိုလျှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပထမ သံဂါယနာတင် တော်မူစဉ်က အရှင်မဟာကဿပ မဟာထေရ်မြတ်က အမေး (ပုစ္ဆက) အဖြစ် ဆောင်ရွက်တော်မူပြီး အရှင်ဥပါလိနှင့်

http://www.dhammadownload.com



အရှင်အာနန္ဒာ မထေရ်မြတ်တို့က ရွတ်ဆိုဖြေကြား၍ ပထမ သံဂါယနာတင်တော် မူခဲ့ကြပါသည်။ ထိုနည်းအတိုင်း ပိဋကသုံးပုံ ပါဠိတော်များကို ရွတ်ဆို၍ သံဂါယနာတင်တော်မူပြီးနောက် အဋ္ဌကထာ ဋီကာတို့ကို မဟာစည် ဆရာတော် ဦးဆောင်၍ တည်းဖြတ်သုတ်သင် စစ်ဆေးကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ ကြပါသည်။ ထိုကြီးမားသော လုပ်ငန်းတာဝန်များကိုလည်း အဓိက အခန်းကဏ္ဍမှပါဝင်ပြီး ဆောင်ရွက်ပေးတော် မူခဲ့ပါသည်။

ဆရာတော်ကြီးအနေဖြင့် တရားစာအုပ်ပေါင်း(၁၀၀) ကျော် ပြုစုရေးသားခဲ့ရာ ၎င်းအနက် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ကို ပြုစုခဲ့ရာ ၁၃၂၈–ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၂၃–၂– ၁၉၆၇) နေ့ကျမှ ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ နှစ်အားဖြင့် ဆိုလျှင် (၆) နှစ်ကျော် ကြာခဲ့လေသည်။ နိဿယစာမူချောကို ၁၃၂၈–ခုနှစ် မှစ၍ ပုံနှိပ်စေခဲ့ရာ ပထမတွဲ ထွက်ပေါ်လာခဲ့သည်။ ၁၃၂၉–ခုနှစ်၊ (၁၉၆၈) တွင် ဒုတိယတွဲ၊ ၁၃၂၉–ခု၊ (၁၉၆၈) ခုနှစ် တွင် တတိယတွဲ၊ ၁၃၃၀–ခုနှစ် (၁၉၆၉)တွင် စတုတ္ထတွဲကို ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းကို ထုတ်နုတ်၍ "ဝိသုဒ္ဓိမဂ် မဟာဋီကာသမယန္တရပိုင်း ဂဏ္ဌိနိဿယ" ဟူသော အမည်ဖြင့် ရေးသားထုတ်ဝေ ဖြန့်ချိခဲ့ပြီး ဖြစ်လေသည်။

http://www.dhammadownload.com



မဟာစည်ဆရာတော်သည် ကမ္ဘာ့နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ (သီဟိုဠ်)၊ နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန် စသည့် အာရှနိုင်ငံများ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသည့် အမေရိက ဥရောပ နိုင်ငံများသို့ ကြွရောက် တော်မူပြီး၊ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသ၍ ကမ္ဘာကိုထေရဝါဒ ဗုဒ္ဓသာသနာ ပြုတော်မူခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း မဟာစည်သတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း လက်ခံပြသလျက်ရှိသော ရိပ်သာများ၊ တရားဌာနများလည်း တိုးပွားလျက်ရှိသည်။ ရန်ကုန်နှင့်မန္တလေးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး၏ သင်ရိုးညွှန်းတမ်းတွင် ပရိယတ္တိ စာပေ စာတွေ့သင်ကြားပြီး၍ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာကြီးတွင် လက်တွေ့တရားအားထုတ်ပြီးမှသာ ဘွဲ့လက်မှတ်တော် ဆက်ကပ်တော်မူပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန်ရှားပါးသော ဥပမိရုပ်ရည်တော်နှင့် မြင့်မားသောအရပ်တော်ရှိ၍ ထူးချွန်ထက်မြက်သာလွန်သော အသိဉာဏ်၊ ထူးခြား လေးနက်သော ဝိပဿနာဉာဏ်ရည်များနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်ပြီး

http://www.dhammadownload.com



မြတ်ဗုဒ္ဓဟောကြားခဲ့သော သတိပဋ္ဌာန်တရားများကို လက်တွေ့ကျင့်သုံး အားထုတ်ပြီးလျက် ပရိယတ္တိ, ပဋိပတ္တိ နှစ်ရပ်စုံညီစွာဖြင့် တရားတော်များကို ဟောကြား၍ သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ကျွမ်းကျင်စွာ ပြသပေးတော်မူနိုင်သည်။

ဆရာတော်ဘုရားကြီး၏ ဘဝသက်တမ်းတစ်လျှောက်လုံး ဟောကြားပြသ၊ ရေးသားခဲ့သော ဝိပဿနာတရားတော်များသည် အရှေ့အနောက် ကမ္ဘာတစ်ခွင်သို့ ပြန့်နှံ့၍ ထောင်ပေါင်းများစွာသော လူသားအပေါင်းအား ဝိပဿနာအကျိုးတရားများ ဖြစ်ပွားစေပါသည်။ ဆရာတော်ဘုရားကြီး၏ လက်တွေ့ကျင့်သုံး အားထုတ်ခဲ့သော ဝိပဿနာလုပ်ငန်းများနှင့် တစ်ဘဝလုံး ဆောင်ရွက်ခဲ့သော ဓမ္မလုပ်ငန်းများအရ ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထူးချွန်ထက်မြက်သော ထိပ်တန်းပုဂ္ဂိုလ်တို့၏ စာရင်းတွင် မဟာစည် ဆရာတော်ဘုရားကြီးမှာ ပါဝင်လျက်ရှိပါသည်။

၁၉၈၂–ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့ ညနေပိုင်းတွင် မဟာစည်ဆရာတော် ဘုရားကြီးသည် ယောဂီ အသစ်များအား အလုပ်ပေးတရား ဟောကြားပြီး ညပိုင်းတွင် လေဖြတ်ရောဂါဝေဒနာ Severe Stroke ဖြစ်ပေါ်ခဲ့ပြီး သက်တော်(၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ၊ ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်

http://www.dhammadownload.com

(၄)

(၁၀)ရက်၊ (၁၄–၈–၁၉၈၂) စနေနေ့ မွန်းလွဲ(၁း၃၆)နာရီအချိန်တွင် မဟာစည် စံကျောင်းတော်၌ စံလွန်တော်မူခဲ့ပြီး အန္တိမအဂ္ဂိစျာပနကို (၂၀–၈–၁၉၈၂) နေ့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပ ပူဇော်ခဲ့ပါသည်။

(၂၀၁၇– ခုနှစ် မတ်လတွင် ပြင်ဆင်ပြုစုထားပါသည်။)

http://www.dhammadownload.com



# ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများ (နဝမအကြိမ်)

❖❖❖❖❖❖❖❖❖❖

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ အမှာစာ

------

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၄၃–ခု၊ ဝါဆိုလပြည့်ကျော် (၈) ရက်၊ (၂၃.၇.၈၁) နေ့က မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်မွော်ရုံ၌ အစဉ်အလေ့ယျစသော ဘုရားရှိခိုးကို ရွတ်ဆိုတော်မူ၍ အရဟံဂုဏ်တော်၏အဖွင့်ကို စတင် ဟောကြားတော်မူပြီးနောက် ဂုဏ်တော်ဖွင့်တို့ကို ဥပါသကာ၊ ဥပါသိကာယောဂီတိုင်းပင် ရွတ်ဆိုရှိခိုးတတ်အောင် ဆောင်ရွက်ကြဖို့ သင့်သည်ဟုမိန့်ကြားတော်မူခဲ့ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သည့်အတိုင်း ရဟန်း၊ ရှင်၊ လူအပေါင်း အလွယ်တကူ ရွတ်ဆိုရှိခိုးနိုင်စေရန်

http://www.dhammadownload.com



ရည်ရွယ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းက ဆရာတော်ကြီးထံ စက်တင်ပုံနှိပ်ခွင့်တောင်းခံခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ရပြီး ၁၃၄၃–ခုနှစ်၊ ဝါဆိုလ (၁၉၈၁–ခု၊ ဇူလိုင်လ)တွင် စာပေပေါင်းကူးပုံနှိပ်တိုက်က ပထမအကြိမ် အုပ်ရေ (၈၀၀၀)ပုံနှိပ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ဖြန့်ချိခဲ့ကြောင်း သိရှိရပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော ဘုရားရှိခိုးများစာအုပ်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ၁၉၈၁–ခုနှစ်မှ စတင်၍ ပုံနှိပ်ခဲ့ရာ ၁၉၈၂–ခုနှစ် ဒုတိယအကြိမ်၊ ၁၉၈၅–ခုနှစ် တတိယအကြိမ်၊ ၁၉၉၁–ခုနှစ် ပဉ္စမအကြိမ်၊ ၁၉၉၃–ခုနှစ် ဆဋ္ဌမအကြိမ်၊ ၁၉၉၄–ခုနှစ် သတ္တမအကြိမ်၊ ၂၀၁၄–ခုနှစ် အဋ္ဌမအကြိမ်ထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဂုဏ်တော် (၉)ပါး၏ အကျဉ်းအဓိပ္ပါယ်၊ အကျယ်အဓိပ္ပါယ်များကို အဓိပ္ပါယ် ပြည့်စုံစွာဖော်ပြထားပြီး ဉာဏ်စဉ် (၁၀)ပါး ဘုရားရှိခိုး၊ ပဋိပတ္တိ ပူဇာနာကာရ ဘုရားရှိခိုးများနှင့် သစ္စာ (၄)ပါး၏ အနက် (၁၆) ချက်တို့ကိုပါ ရေးသားပူဇော်ထားပါသည်။ ယင်းတို့ကို ဖတ်ရှုပြီး ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ၊ ပဋိပတ္တိအရာတွင် ကျွမ်းကျင်

http://www.dhammadownload.com



နှံ့စပ်ကြွယ်ဝပုံကို လေးစားကြည်ညိုမဆုံး ဖြစ်ကြရပါသည်။

ယခုအခါ မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများ စာအုပ်ငယ်များ အနည်းငယ်သာ ကျန်ရှိတော့သဖြင့် သူတော်စင်ဓမ္မမိတ်ဆွေများအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က နဝမအကြိမ်ထပ်မံထုတ်ဝေဖြန့်ချိလိုက်ရပါသည်။

၁၉၈၅–ခုနှစ်မှ ၁၉၉၁–ခုနှစ်အတွင်း ပုံနှိပ်ခဲ့သော စတုတ္ထအကြိမ်စာအုပ်မှာ မဟာစည်သာသနာ့ရိပ်သာမှတ်တမ်းခန်းတွင် မရှိပါသဖြင့် ဓမ္မမိတ်ဆွေသူတော်စင်များလက်ဝယ်တွင် ရှိပါက သမိုင်းမှတ်တမ်းအဖြစ်ထိန်းသိမ်းထားရှိလိုပါ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ဆက်သွယ်လှူဒါန်း (သို့မဟုတ်) ခေတ္တငှားရမ်းပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံပါသည်။

ဥက္ကဋ္ဌ<br>
ဒေါက်တာတင့်စိုးလင်း<br>
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်<br>
မဟာစည်သာသနာ့ရိပ်သာ

၂၀၁၇ခုနှစ်၊ ဩဂုတ်လ

http://www.dhammadownload.com

# ရတနာမြတ်သုံးပါး ဘုရားရှိခိုး

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး သည် သာသနာ့ရိပ်သာ၌ ဥပုသ်နေ့တိုင်းပင် နံနက် (၈)နာရီ (၃၀)မိနစ်၌ (၈)ပါးသီလကို ပေးလေ့ရှိပါသည်။ ဝါတွင်း ဥပုသ်နေ့များ, ဝါဆိုလပြည့်, သီတင်းကျွတ်လပြည့် ဥပုသ်နေ့များနှင့် သင်္ကြန် အကြိုရက်, နှစ်ဆန်း တစ်ရက်အပါအဝင် သင်္ကြန်တွင်းရက်တို့၌ ဖလ်ယဉ်ဓမ္မရုံ၌ပင် (၈)ပါးသီလကို ပေးလေ့ရှိသည်။ ကျန်သော ဥပုသ်နေ့များ၌မူ မဟာစည်ကျောင်းတော် အောက်ထပ်၌ပင် (၈)ပါးသီလ ပေးလေ့ရှိပါသည်။

ဆရာတော်ဘုရားကြီးသည် ခါကြီး ရက်ကြီး ဥပုသ်နေ့ များ၌ သရဏဂုံ (၃)ပါးနှင့် (၈)ပါးသီလကို ပဋိလိုရော အနက် ကိုပါပို့ချပေးတော်မူသည့်အပြင် သရဏဂုံအဓိပ္ပါယ် အဖွင့်, သီလ အဓိပ္ပါယ်ဖွင့်တို့ကိုပါ ဟောကြားတော်မူလေ့ရှိသည်။

http://www.dhammadownload.com



၁၃၄၃-ခု၊ ဝါဆိုလပြည့်ကျော် (၈)ရက်နေ့၌ ဆရာတော်ဘုရားကြီးသည် အစိန္တေယျ-စသော ဘုရားရှိခိုး အရင်းခံသည့် ဂုဏ်တော်ဖွင့်' ဘုရားရှိခိုးကို ရွတ်ဆိုတော်မူ၍ အရဟံဂုဏ်တော်၏ အဖွင့်ကို စတင်ဟောကြားတော်မူပြီးနောက် ဂုဏ်တော်ဖွင့်တို့ကို ဥပါသကာ, ဥပါသိကာမ ယောဂီတိုင်းပင် ရွတ်ဆိုရှိခိုးတတ်အောင် ဆောင်ရွက်ကြဖို့ သင့်သည်ဟု မိန့်ကြား တော်မူခဲ့ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးဘကလေးတို့သည် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ကို ရယူ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော တရား စာအုပ်အမျိုးမျိုးတို့၌ပါပြီးဖြစ်သော ဩကာသမူမှန် ကန်တော့ခန်း နှင့်တကွ ဘုရားဂုဏ်တော် (၉)ပါးရှိခိုး (အကျဉ်းနှင့်အကျယ်) တရားဂုဏ်တော် (၆)ပါး ရှိခိုး, သံဃာတော်ဂုဏ်တော် (၉)ပါး ရှိခိုး, ဉာဏ်စဉ် (၁၆)ပါး ရှိခိုးတို့ကို စုပေါင်း၍ " ကျေးဇူးတော်ရှင်

http://www.dhammadownload.com



မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများဟူသောအမည်ဖြင့် ဤစာအုပ်ငယ်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ပုံနှိပ်အပ်ပါသည်။

မင်္ဂလာဦးအောင်မြင့်
ဂုဏ်ထူးဆောင်အမှုဆောင်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၃၄၃-ခု၊ ဝါဆိုလပြည့်ကျော် (၁၀)ရက်။
၂၅.၇.၈၁ နေ့။

http://www.dhammadownload.com



# ရတနာမြတ်သုံးပါး ဘုရားရှိခိုး

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သာသနာ့ရိပ်သာ၌ ဥပုသ်နေ့တိုင်းပင် နံနက် (၈)နာရီ (၃၀)မိနစ်၌ (၈)ပါး သီလကို ပေးလေ့ရှိပါသည်။ ဝါတွင်း ဥပုသ်နေ့များ, ဝါဆိုလပြည့်, သီတင်းကျွတ်လပြည့် ဥပုသ်နေ့များနှင့် သင်္ကြန်အကြိုရက်, နှစ်ဆန်းတစ်ရက်အပါအဝင် သင်္ကြန်တွင်းရက်တို့၌ ဖယ်ယဉ်ဓမ္မာရုံ၌ပင် (၈)ပါးသီလကို ပေးလေ့ရှိပါသည်။ ကျန်သော ဥပုသ်နေ့များ၌မူ မဟာစည်ကျောင်းတော် အောက်ထပ်၌ပင် (၈)ပါးသီလ ပေးလေ့ရှိပါသည်။

**ဆရာတော်ဘုရားကြီးသည် ခါကြီး ရက်ကြီး ဥပုသ်နေ့များ၌ သရဏဂုံ (၃) ပါးနှင့် (၈) ပါး သီလကို ပါဠိုလိုရော အနက်ကိုပါ ပို့ချပေးတော်မူသည့်အပြင် သရဏဂုံအဓိပ္ပာယ် အဖွင့်, သီလအဓိပ္ပာယ်ဖွင့်တို့ကိုပါ**

http://www.dhammadownload.com



ဟောကြားတော်မူလေ့ရှိပါသည်။

၁၃၄၃–ခု၊ ဝါဆိုလပြည့်ကျော် (၈)ရက်နေ့၌ ဆရာတော်ဘုရားကြီးသည် အစိန္တေယျ–စသော ဘုရားရှိခိုး အရင်းခံသည့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးကို ရွတ်ဆိုတော်မူ၍ အရဟံဂုဏ်တော်၏ အဖွင့်ကို စတင်ဟောကြားတော် မူပြီးနောက် ဂုဏ်တော်ဖွင့်တို့ကို ဉပါသကာ, ဉပါသိကာမ ယောဂီတိုင်းပင် ရွတ်ဆိုရှိခိုးတတ်အောင် ဆောင်ရွက်ကြဖို့ သင့်သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးဘကလေး တို့သည် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ကို ရယူ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေး သားတော်မူသော တရားစာအုပ်အမျိုးမျိုးတို့၌ ပါပြီး ဖြစ်သော ဩကာသမှုမှန် ကန်တော့ခန်းနှင့်တကွ ဘုရား ဂုဏ်တော် (၉)ပါးရှိခိုး (အကျဉ်းနှင့်အကျယ်) တရားဂုဏ်

http://www.dhammadownload.com



တော် (၆)ပါး ရှိနိုး, သံဃာဂုဏ်တော် (၉)ပါးရှိနိုး, ဉာဏ်စဉ် (၁၆)ပါး ရှိနိုးတို့ကို စုပေါင်း၍ "ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ရှိနိုးတော်မူလေ့ရှိသော ဘုရားရှိနိုး များဟူသောအမည်ဖြင့် ဤစာအုပ်ငယ်ကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က ပုံနှိပ်အပ်ပါသည်။

မင်္ဂလာဦးအောင်မြင့်
ဂုဏ်ထူးဆောင်အမှုဆောင်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၃၄၃-ခု၊ ဝါဆိုလပြည့်ကျော် (၁၀)ရက်။
၂၅-၇-၈၁ နေ့။

http://www.dhammadownload.com

# မဟာစည်ဩကာသကန်တော့ခန်း

ဩကာသ–ဩကာသ–ဩကာသ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ။ )

ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အောက်ပါဆုတောင်းအတိုင်း ဆက်ဆိုကာ ဆုတောင်းပါ။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ် (၄)ပါး, ကပ် (၃)ပါး, ရပ်ပြစ် (၈)ပါး, ရန်သူမျိုး (၅)ပါး, ဝိပတ္တိတရား (၄)ပါး, ဗျသနတရား

http://www.dhammadownload.com



(၅)ပါး, အနာမျိုး (၉၆)ပါး, မိစ္ဆာဒိဋ္ဌိ (၆၂)ပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား, ဖိုလ် တရား, နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

http://www.dhammadownload.com



# ဘုရားဂုဏ်တော် (၉)ပါး ရှိခိုးအကျဉ်း

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ မကြံဆ မနှိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်အပေါင်း အနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁။ (က) အရဟံ–လွန်ကဲထူးမြတ်သောသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ပူဇော် အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

(ခ) အရဟံ–ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာကိလေသာအညစ်အကြေးတို့မှကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာ

http://www.dhammadownload.com



ဘုရား။

(ဂ) အရဟံ–လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

(ဃ) အရ–ဟံ–သံသရာစက်၏ အထောက်အကန့် တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(င) အ–ရဟံ– မျက်မှောက်, မျက်ကွယ် အချင်းခပ်သိမ်းစင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ–သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူ

http://www.dhammadownload.com



ပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော–ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃–ပါး, ဉာဏ်ထူး ၈– ပါး, စရဏမည်သော အခြေခံအကျင့် တရား ၁၅–ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄(က) သုဂတော–သတ္တဝါတို့အား အကျိုး များကြောင်း ဟုတ်မှန်သော စကား ကောင်းကိုသာ မြွက်ဆိုတော်မူတတ် ပေသော မြတ်စွာဘုရား။

(ခ) သုဂတော–မဂ္ဂင်ရှစ်ဖြာ တင့်တယ်သော အမူအရာဖြင့် ကောင်းစွာ သွားခြင်း, ကောင်းစွာဖြစ်ခြင်းရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ–လောက၏အကြောင်း

http://www.dhammadownload.com



အရာ အလုံးစုံကို အကုန်အစင် သိမြင်
တော်မူပေသော မြတ်စွာဘုရား။

၆ (က) အနုတ္တရော–အမြင့်မြတ်ဆုံး ဖြစ်သော
သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,
ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ ဒဿနဂုဏ်
တို့နှင့် ပြည့်စုံတော်မူသောကြောင့်လော
ကဓါတ် အလုံး၌ အမြတ်ဆုံးဖြစ်တော်
မူပေသော မြတ်စွာဘုရား။

(ခ) ပုရိသဒမ္မသာရထိ– ယဉ်ကျေး လိမ္မာ
ပညာအသိ မရှိကြသေး, မပြည့်ဝသေး၍
ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်
ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျ
အောင်ဆုံးမ သွန်သင်တော်မူတတ်ပေ
သော မြတ်စွာဘုရား။

(ဂ) အနုတ္တရော ပုရိသဒမ္မသာရထိ–ဆုံးမထိုက်

http://www.dhammadownload.com



သော ပုဂ္ဂိုလ်တို့အား ညွှန်ကြား သွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား။

၇ ။ သတ္ထာဒေဝမနုဿာနံ–ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ လူ၊ နတ်တို့၏ ဆရာမြတ်ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈ ။ ဗုဒ္ဓေါ–တရားအလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား။

၉ ။ ဘဂဝါ–ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၁၀ ။ အရဟံ–အစရှိသော ကိုးပါးသောဂုဏ်တော်၊ ဆယ်ပါးသောဂုဏ်တော်၊ အနန္တဂုဏ်တော်၊

http://www.dhammadownload.com



ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော်
မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာ
ဘုရားကို ဘုရား၌တပည့်တော်သည် ရိုသေ
မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်
မာန်လျော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဘုရားဂုဏ်တော် (၉)ပါး ရှိခိုးအကျဉ်းပြီး၏။

http://www.dhammadownload.com



## အဋ္ဌမဟာပဏ္ဍိတ
## မဟာစည်ဆရာတော်ဘုရားကြီး၏
## ဂုဏ်တော် (၉)ပါး ဘုရားရှိခိုးအကျယ်

(ရဟန်း၁၀-ဝါခန့်ကရေးသည်၊ ယခုအနည်းငယ်ပြင်ထားသည်)

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ မကြံဆ မန္နိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်ပေါင်းအနန္တနှင့် လုံးဝဥသုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

### ၁။ အရဟံ ဂုဏ်တော် (၅)ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ ဒဿနဂုဏ်

http://www.dhammadownload.com



ကျေးဖူးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္မာရင်းထူ ဂုဏ်လင်း သူတို့မှစ၍ အနန္တမဆုံး လောကကြီးတစ်ခုလုံး၏ ညွတ်ရုံး ဖူးမြော်ပူဇော်ခြင်း ဝိသေသထူးမြတ်သော သက္ကာရတို့ကို တောင့်တသည့် ချမ်းသာလိုရာ အကျိုးများဖြင့် တိုးပွား မသွေ ချမ်းသာစေ ရည်မြော်လျက် ခံယူတော်မူထိုက် သောကြောင့် ရတော်မူသော အရဟံဟူသော အမည် တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့် တက်အောင် နှံ့လျက်ကျော်စောတော်မူပေသော မြတ်စွာ ဘုရား။

၂။ ဘဝအဆက်ဆက် အနမတဂ်သံသရာက အစဉ် တစိုက် လိုက်ပါခဲ့သော ကိလေသာအလေ့အလာ အထုံ ဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူသောကြောင့် ရတော်မူသော အရဟံ ဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့်

http://www.dhammadownload.com



မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျှက်ကျော်စောတော်မူ ပေသော မြတ်စွာဘုရား။

၃။ လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, မာနကိလေသာ, ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာကိလေသာ,ထိနကိလေသာ,ဥဒ္ဓစ္စကိလေသာ, အဟိရိကကိလေသာ, အနောတ္တပ္ပကိလေသာတည်းဟူသော သရုပ်အားဖြင့် ကိလေသာ (၁၀)ပါး၊ အကျယ်ပွားလျှင် တစ်ထောင့်ငါးရာ များလှစွာသော ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဓားလက်နက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ်ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၄။ ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ် အကွပ်ပမာဇရာမရဏ ပတ်လည်ခြသည့် ပဋိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာဝယ် သင်္ခါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တ

http://www.dhammadownload.com



မဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံး ပြတ်အောင် ခုတ်ဖြတ်ဖျက်စီး စွန့်ပယ်တော်မူပြီးသော ကြောင့် ရတော်မူသော အရ–ဟံ ဟူသော အမည်တော် နာမ။ ပ။ မြတ်စွာဘုရား။

၅။ မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ် ၍ ဆိတ်ကွယ်ရာမရှိတော်မူသောကြောင့် ရတော်မူသော အရဟံဟူသော အမည်နာမ။ ပ။ မြတ်စွာဘုရား။

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် ၂–ပုဒ်

၁။ ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာ (၄)ပါးတည်းဟူသော အဘိညေယျတရား၊ ပိုင်းခြား၍ သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာတည်းဟူသော ပရိညေယျ တရား၊ ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာတည်းဟူ သော ပဟာတဗ္ဗတရား၊ မျက်မှောက်ထင်ထင် ဆိုက်ရောက် ၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော

http://www.dhammadownload.com



ဒေသိကာတဗ္ဗတရား၊ ပွားများသင့် ပွားများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာ (၄)ပါး ခပ်သိမ်းသောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်စွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ ပီဠနဋ္ဌ – ညှဉ်းဆဲတတ် ညှဉ်းဆဲအပ်သော အနက်သဘော၊ သင်္ခတဋ္ဌ–ပြုပြင်အပ်သောအနက်သဘော၊ သန္တာပဋ္ဌ–ပူလောင်စေတတ်သော အနက်သဘော၊ ဝိပရိဏာမဋ္ဌ–ဖောက်ပြန်ပြောင်းလဲ မတည်မြဲသော အနက်သဘော၊ ဤသို့အားဖြင့် ဒုက္ခသစ္စာ၏ မဖောက်မပြန် မှန်ကန်သောအချက်သဘော အနက် (၄)ပါး၊ အာယူဟနဋ္ဌ–နှစ်သက်လိုချင် ခင်မင်တွယ်တာသော အားဖြင့် ဆင်းရဲပွားအောင် အားထုတ်ခြင်း အနက်သဘော၊ နိဒါနဋ္ဌ–ဆင်းရဲကို အပ်နှင်းသကဲ့သို့ ဆင်းရဲဖြစ်ခြင်း၏

http://www.dhammadownload.com



အကြောင်းရင်းဖြစ်သော အနက်သဘော၊ သံယောဂဋ္ဌ– နှစ်သက်သာယာ တွယ်တာသောအားဖြင့် သံသရာ ဆင်းရဲနှင့် ယှဉ်တွဲစေတတ်သော အနက်သဘော၊ ပလိဗောဓဋ္ဌ– ဆင်းရဲဒုက္ခ ဝဋ်ဘဝမှ မလွတ်ရအောင် ချည်နှောင်တွယ်တာလျက် နှောင့်ယှက်ပိတ်ပင်တတ်သော အနက်သဘော၊ ဤသို့အားဖြင့် သမုဒယသစ္စာ၏ မဖောက်မပြန် မှန်ကန်သောအချက် သဘောအနက် (၄)ပါး၊ နိဿရဏဋ္ဌ–ဆင်းရဲဒုက္ခသံသရာတို့မှ ကင်းလွတ် ထွက်မြောက်သော အနက်သဘော၊ ဝိဝေကဋ္ဌ–သံသရာဒုက္ခ လုံးဝကင်းရှင်း ဆိတ်ငြိမ်ခြင်းအနက်သဘော၊ အသင်္ခတဋ္ဌ– အကြောင်းတစ်စုံတစ်ခုက မပြုရသော အနက်သဘော၊ အမတဋ္ဌ–မသေမပျက်ဘဲ အမြဲတည်ရှိနေသော အနက် သဘော၊ ဤသို့အားဖြင့် နိရောဓသစ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘောအနက် (၄)ပါး၊ နိယျာနဋ္ဌ– ဝဋ်ဆင်းရဲမှ ထွက်သွားတတ် ထုတ်ဆောင်တတ်သော

http://www.dhammadownload.com



အနက်သဘော၊ ဟေတုဋ္ဌ–နိရောဓသစ္စာခေါ် နိဗ္ဗာန်အငြိမ်း ဓါတ်သို့ ဆိုက်ကပ်ဝင်ရောက်ခြင်း၏ အကြောင်းရင်း ဖြစ်သော အနက်သဘော၊ ဒဿနဋ္ဌ–နိရောဓသစ္စာခေါ် နိဗ္ဗာန်အလင်းကို ဖောက်ထွင်းမြင်ကာ လေးသစ္စာကို ပိုင်နိုင်စွာသိမြင်ခြင်း အနက်သဘော၊ အာဓိပတေယျဋ္ဌ– ဒုက္ခနှင့်နှိုင်းစာလျှင် လွန်စွာအထူး အကြီးအမှူးဖြစ်ခြင်း အနက်သဘော၊ ဤသို့အားဖြင့် မဂ္ဂသစ္စာ၏ မဖောက် မပြန် မှန်ကန်သော အချက်သဘော အနက်(၄)ပါး၊ ဤသို့လျှင် သစ္စာအနက် တစ်ဆယ့်ခြောက်ချက်သော သဘောအမှန်တို့ဖြင့် ဆင်းရဲစစ် ဆင်းရဲမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းအရင်းအစစ် အမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ ချမ်းသာအစစ်အမှန်ဖြစ်သော နိရောဓသစ္စာ၊ ထိုချုပ်ငြိမ်း ရာသို့ ရောက်ကြောင်းအကျင့် လမ်းကောင်းအစစ်အမှန် ဖြစ်သော မဂ္ဂသစ္စာတည်းဟူသော သစ္စာ(၄)ပါး၊ ခပ်သိမ်း

http://www.dhammadownload.com



သောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်စွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာသိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓ ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။
(ဤ ၂-ပုဒ်တို့၌ အကျဉ်းအကျယ်မျှသာ ထူးသည်)

## ၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော် (၁)ပါး

၁။ ဝိဇ္ဇာမည်သော ဉာဏ်ထူး (၃)ပါး, ဉာဏ်ထူး (၈)ပါး, စရဏမည်သော အခြေခံအကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ သုံးပါးဝိဇ္ဇာ ပု, ဒိ, အာ, နှင့် တစ်ဖြာထိုမှ ဝိ,မ,ဣ,ဒိ,စေ,ပု,ဒိ,အာ ဝိဇ္ဇာရှစ်မျိုး ပြည့်ဖြိုးလျှံထိန်၊ သီ, ဣန်, ဘော, ဇာ, သဒ္ဓါ, သတိ, ဟီရိ, ဩတ္တပ္ပ-ဗာဟုသစ္စ

http://www.dhammadownload.com



ဝီရိယ ပညာတစ်တန် ရူပဈာန်စု လေးခုအားဖြင့် ဆယ့်ငါးပါးရ စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၃။ ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာဟောင်း အစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းဓါတ်ရူပါရုံဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါ လေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ အကုန်ပျက်စေတတ်သော အရဟတ္တမဂ်ပညာတည်းဟူသော အာသဝက္ခယဉာဏ်၊ ဤသို့အားဖြင့် ဝိဇ္ဇာ(၃)ပါး, အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ အစရှိသော ဝိပဿနာဉာဏ်၊ မိမိကိုယ်နှင့် ထပ်တူပြု၍ ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်၊အထွေထွေ အမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊ အလုံးစုံသော အသံဓါတ်

http://www.dhammadownload.com



သဒ္ဒါရုံဟူသမျှကို ကြားသိနိုင်သော ဒိဗ္ဗသောတဉာဏ်၊ ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်အလိုအကြံကို သိနိုင်သော စေတောပရိယဉာဏ်၊ ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာဟောင်းအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းဓာတ် ရူပါရုံဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါလေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ကုန်ပျက်စေတတ်သော အရဟတ္တမဂ်ဉာဏ်၊ပညာတည်းဟူသော အာသဝက္ခယဉာဏ်၊ ဤသို့အားဖြင့် ဝိဇ္ဇာ(၈)ပါး၊ ကိုယ်, နှုတ် နှစ်ရပ်ကို ငြိမ်ဝပ်အောင်စောင့်စည်းခြင်းတည်းဟူသော ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြေ (၆)ပါး, တံခါး -၆-ရပ်ကို ငြိမ်ဝပ်လုံခြုံအောင် စောင့်စည်းခြင်းတည်းဟူသော ဣန္ဒြိယသံဝရသီလ၊ အစာ၌ အတိုင်းအရှည်ကို သိခြင်းဟူသော ဘောဇနေ မတ္တညုတာ၊ ကျိန်းစက်ချိန်နည်းပါး၍ ဘာဝနာဖြင့် နိုးကြားခြင်းဟူသော

http://www.dhammadownload.com



ဇာဂရိယ၊ ယုံကြည်မှု ကြည်ညိုမှု၊ ကြည်လင်မှုဟူသော သဒ္ဓါတရား အောက်မေ့သင့်ရာ၌ အောက်မေ့မှု အမှတ်ရမှု ဟူသောသတိတရား၊ မကောင်းမှုမှ ရှက်တတ်သော ဟိရိတရား၊ မကောင်းမှုမှ ကြောက်တတ်သော ဩတ္တပ္ပ တရား၊ အကြား မြင်များခြင်းဟူသော ဗာဟုသစ္စတရား၊ မနစ်မဆုတ် အားထုတ်မှုဟူသော ဝီရိယတရား၊ မှန်ကန်စွာ သိတတ်သော ပညာတရား၊ ရူပါဝစရ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊စတုတ္ထစျာန် ဤသို့အားဖြင့် စရဏတစ်ဆယ့်ငါးပါး၊ ဤသို့လျှင် သတ္တဝါတို့၏ မျက်စိပမာ ဝိဇ္ဇာ ၃–ပါး၊ဝိဇ္ဇာ ၈–ပါး၊ သတ္တဝါတို့၏ အတောင်နှစ်ဖက်ခြေလက်အလား တစ်ဆယ့်ငါးပါးသော စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာ စရဏသမ္ပန္နဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။ (....ဤသုံးပုဒ်တို့၌အကျဉ်း၊ အလတ်၊အကျယ်၊ အမြွက် မျှသာထုတ်သည်။.....)

http://www.dhammadownload.com



## (၄) သုဂတ ဂုဏ်တော် (၄)ပုဒ်

၁။ မမှန် အကျိုးမရှိ သူနာလို, မနာလို၊ မှန်သော်လည်း အကျိုးမရှိ သူနာလို, မနာလိုအားဖြင့် ပြားသော စကား (၄)ခွန်းကိုပယ်၍ ဟုတ်မှန်ကျိုးများ သူတစ်ပါးနာလို, မနာလိုအားဖြင့် ပြားသောစကားကောင်း (၂)ခွန်းကိုသာ သင့်လျော်သောအခါ၌ မိန့်ဆိုတော်မူတတ်သောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ ဘေးမဲ့ရပ်ခွင် နိဗ္ဗာန်ဝင်ဖို့ မဂ္ဂင်ရှစ်စင်း တင့်တယ်သော ကြွသွားခြင်း ရှိတော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

၃။ မကောင်းညစ်ညမ်း အလွန်ဆိုးသွမ်းသည့် ဘေးဘျမ်းအန္တ ဝဋ်ဆင်းရဲသံသရာတို့မှ ကောင်းလှတဲ့စခန်း ပြည်နိဗ္ဗာန်မြနန်းသို့ ကြွလှမ်းဆိုက်ရောက်တော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်

http://www.dhammadownload.com



နာမ။ပ။မြတ်စွာဘုရား။

၄။ ဒီပင်္ကရာ မြတ်စွာဘုရားခြေရင်း၊ တံတားခင်း၍ ဝပ်ဆင်းဦးခ နိယတဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်မြန်းသည်မှ အဦးစ၍ ဗောဓိမဏ္ဍိုင်ကျအောင် အနန္တ (၂)ပါး အယုတ်တရားသို့ မလားမသီ ပါရမီစာဂစရိယာအနှစ် ဘုရားဖြစ်ကြောင်း အကျင့်ကောင်းတို့ကို ဆင့်လောင်းဖြည့်စွမ်း အလယ်လမ်းဖြင့် ဖြောင့်တန်းကေန် သဗ္ဗညုတ်ကို ရည်သန်လျက်သာ ကြွလာတော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ။ပ။မြတ်စွာဘုရား။

(၅) လောကဝိဒူ ဂုဏ်တော် (၂)ပုဒ်

၁။ သတ္တလောက-, သင်္ခါရလောက, ဩကာသလောကတည်းဟူသော လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့်

http://www.dhammadownload.com



သိမြင်တော်မူသောကြောင့် ရတော်မူသော လောကဝိဒူ ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ အနန္တများစွာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောက၊ သတ္တဝါတို့တည်နေရာ (၃၁)ဘုံဌာန အနန္တစကြဝဠာဂြိုလ်တာရာနှင့် သမုဒ္ဒရာရေမြေ တောတောင်လေမှ အဦးစ၍ ဗဟိဒ္ဓရုပ်အပေါင်းတည်းဟူသော ဩကာသ လောက၊ သတ္တဝါနှင့်ဩကာသ နှစ်ဝသန္တာန် ရုပ်နာမ်ဟူသမျှ သင်္ခါရတရား အပေါင်းတည်းဟူသော သင်္ခါရလောကအားဖြင့်၊ လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိမြင်တော်မူသောကြောင့် လောကဝိဒူဟူသော အမည်တော် နာမ။ ပ။ မြတ်စွာဘုရား။

**(ဤ ၂-ပုဒ်၌ အကျဉ်းအကျယ်မျှသာ ထူးသည်)**

http://www.dhammadownload.com



## (၆) အနုတ္တရ ဂုဏ်တော် ၁-ပုဒ်

အတုမရှိ မြင့်မြတ်သော သီလဂုဏ်ကျေးဇူးတော် တည်းဟူသော သီလက္ခန္ဓာ၊ သမာဓိဂုဏ်ကျေးဇူးတော် တည်းဟူသော သမာဓိက္ခန္ဓာ၊ ပညာဂုဏ်ကျေးဇူးတော် တည်းဟူသော ပညာက္ခန္ဓာ၊ အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးတော် တည်းဟူသော ဝိမုတ္တိက္ခန္ဓာ၊ ပစ္စဝေက္ခဏာဉာဏ် ပညာဂုဏ်ကျေးဇူးတော်တည်းဟူသော ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ၊ ဤသို့အားဖြင့် ငါးပါးသော ဂုဏ်ကျေးဇူး အထူးအမြတ်ဆုံးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သုံးပါးသောလောက၌ တူမျှသူမရှိဘဲ အလွန်အကဲ အမြင့်အမြတ်ဆုံး ဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

## (၇) ပုရိသ ဒမ္မသာရထိ ဂုဏ်တော် ၁-ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာဉာဏ်ကင်း အလွန်

http://www.dhammadownload.com



အမင်းရှိင်းပျ၍ ဆုံးမတော်မူထိုက်သည့် ပရိုဗိုဇ်သစွက အာဇ္ဇာဝကနတ်ဘီလူး တစ်ဦးထိုမှ ဗကပြဟ္မာ နှာဇ္ဇာဂီရိ အစရှိသော လူယောက်ျား၊ နတ်ယောက်ျား၊ တိရစ္ဆာန် ယောက်ျားတို့ကို တရားမြတ်ဆေး အစဉ်ကျွေး၍ ယဉ်ကျေးလိမ္မာ ဖြစ်စေကာဖြင့် သုံးဖြာသရဏဂုံ ငါးစုံသီလ တည်ကြစေလျက် ဈာန်မဂ်ဖိုလ်တိုင် ရရှိနိုင်အောင် ပိုင်ပိုင် လှလှ နေရာကျဖြင့် ဆုံးမတော်မူတတ်သောကြောင့် ရတော်မူသော ပုရိသဒမ္မသာရထိ ဟူသောအမည်တော် နာမ။ ပ။ မြတ်စွာဘုရား။

(လက်သည်းကွင်းဖြင့် ပြသော အထက်ပါ(၆, ၇) ၂- ပုဒ်တို့မှာ ခွဲ၍ယူလျှင် ရသောဂုဏ်ပုဒ်တို့ ဖြစ်သည်။)

## ၆-(၆-၇) အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော် ၁-ပုဒ်

မယဉ်ကျေးမလိမ္မာ ပညာအသိ မရှိကြသေး

http://www.dhammadownload.com



မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမ ညွှန်ကြားမှု၌ အတုမရှိ အမြင့်မြတ်ဆုံး ဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရောပုရိသ ဒမ္မသာရထိ ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

## ၅-(၈) သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော် ၂-ပုဒ်

၁။ လူနတ် ပြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်း ဆိုးရွား အကျိုးမဲ့အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုးချမ်းသာ ဖြစ်ဖွယ်ရာ အကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ ကြီးကျယ်သောလုံ့လဖြင့် ဆုံးမ တော်မူပေးသည့် ဆရာမြတ်အစစ် တစ်ပါးတည်းဖြစ်တော်မူ သောကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံ- ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ ဓားပြ, ခိုးသူ, တောပုန်းထူသော ခရီးခဲတည်း

http://www.dhammadownload.com



ဟူသော စောရကန္တာရ၊ ခြင်္သေ့, ဝံ, ကျား, သားရဲများသော ခရီးခဲတည်းဟူသော ဝါဠကန္တာရ၊ သောက်ရေ, သုံးရေမရ၊ ရှားပါးလှသော ခရီးခဲတည်းဟူသော နိရုဒက–ကန္တာရ၊ သစ်သီး, သစ်ရွက်မှစ၍ အစာအဟာရ ရှားပါးလှသော ခရီးခဲတည်းဟူသော အပ္ပဘက္ခကန္တာရ၊ လူသားစားကြူး ဘီလူးသဘက်ပေါ်များသည့် ခရီးခဲတည်းဟူသော အမနုဿကန္တာရအားဖြင့် ငါးပါးသော ခရီးခဲ, ခရီးခက်တို့မှ မလွတ်ထွက်နိုင်ဘဲ ဆင်းရဲညစ်နွမ်း ပင်ပန်းနေသော ထိုလှည်းကုန်သည် တို့ကို ထိုခရီးခဲ, ခရီးခက်တို့မှ လွတ်ထွက်နိုင်အောင် ထုတ်ဆောင်မနှေး ရန်ဘေးကင်းပ အေးမြသာယာ မြို့ပြည်ရွာသို့ ကောင်းစွာဆောင်ပို့သည့် ကူးတို့ဦးစီးလှည်းမှူး ခေါင်းဆောင်ကြီးပမာ အသစ်အသစ် အဖန်အဖန်ဖြစ်ရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော ဇာတိကန္တာရ၊ အဖန်ဖန် ယိုယွင်း၍ အိုမင်းဆွေးမြေ့ ရမှုမစဲသည့် ခရီးခဲမှန်စွ သံသရာတည်း

http://www.dhammadownload.com



ဟူသော ဇရာကန္တာရ၊ အဖန်ဖန်မကျန်းမမာ ဖျားနာရမှု မစဲသည့် ခံရီးခဲမှန်စွာ သံသရာတည်းဟူသော ဗျာဓိကန္တာရ၊ အဖန်ဖန် ခန္ဓာကိုယ်ပျက်ပြုန်း၍ သေဆုံးရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော မရဏကန္တာရအားဖြင့် လေးပါးသော သံသရာရေဝဲ ခရီးခက် ခရီးခဲတို့၌ ဆင်းရဲနစ်မွန်းလျက် ပင်ပန်းနေသော ဖြဟ္မာ နတ်လူ သုံးဘုံသူတို့ကို ကြည်ဖြူအေးမြ ဘေးကင်းပသည့် အမတစခန်း ပြည်နိဗ္ဗာန်မြနန်းသို့ တက်လှမ်းဝင်ဖို့ ထုတ်ဆောင်ပို့သဖြင့် နတ်လူတို့၏ဆရာ သတ္တဝါတို့၏ နာယ မဟာနာယကဦးစီး အမှူးကြီးဖြစ်တော်မူသော ကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံဟူသော အမည်တော်နာမ။ ၀။ မြတ်စွာဘုရား။

http://www.dhammadownload.com



## ၈-(၉) ဗုဒ္ဓဂုဏ်တော် (၅)ပုဒ်

၁။ သစ္စာ(၄)ပါး၊ ခပ်သိမ်းသောတရားတို့ကို ‘ပိုင်းခြားကျန ကိုယ်တော်တိုင်သိရ၍ ဝေနေယျများစွာ သတ္တဝါတို့အား- ဟောကြားသိစေတော်မူသောကြောင့် ရတော်မူသောဗုဒ္ဓ-ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန် ပညတ်အားဖြင့် ဉေယျခံငါးပါး သိသင့်သိထိုက်သောတရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ-ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၃။ စိတ် တစ်ခုယုတ်ကိုးဆယ်, စေတသိက် (၅၂)ပါး, နိပ္ဖန္နရုပ်(၁၈)ပါးဟူသော သင်္ခါရတရား၊ ဝိကာရရုပ်ငါးပါးဟူသော ဝိကာရတရား၊ သင်္ခတ လက္ခဏာ, သာမည လက္ခဏာဟူသော လက္ခဏာတရား၊ နိဗ္ဗာန်တရား၊ အမျိုးမျိုးသော ပညတ်တရား ဤသို့အားဖြင့် ပိုင်းခြား၍

http://www.dhammadownload.com



သိသင့် သိထိုက်သော ဉေယျျခံငါးပါး, သခ်တ အသခ်တ စသည်ပြားသော တရားအလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ–ဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၄။ သဗ္ဗညုတဉာဏ်တော် အစရှိသော ဝိမောက္ခန္တိက ဉာဏ်တော်ပေါင်း အနန္တတို့နှင့် လုံးဝဥသုံ ပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ဉေယျျခံငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၅။ သစ္စာလေးပါးကို ပိုင်းခြား၍သိသော စတုသစ္စ ဉာဏ်တော်(၄)ပါး (အကျိုးတရား, နိဗ္ဗာန်, ဟောအပ်သော အနက်, ဝိပါက်, ကိရိယာ= ငါးဖြာသောအတ္ထဟူသော) အကျိုး အနက်တို့ကို ဖောက်ထွင်းဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့်သိသော အတ္ထပဋိသမ္ဘိဒါဉာဏ်၊ (အကြောင်း

http://www.dhammadownload.com



တရား, အရိယာမဂ် ဒေသနာ၊ပါဠိ, ကုသိုလ်, အကုသိုလ် အားဖြင့် ငါးပါးသောဓမ္မဟူသော) အကြောင်းပါဠိတို့ကို ဖောက်ထွင်းဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့် သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ ပါဠိသဒ္ဒါ အမှားအမှန်ကို ဝေဖန်ခွဲခြား အပြားအားဖြင့်သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ စဉ်းစား ဆင်ခြင်က အမှန်ရအောင် ဉာဏ်ဟူသမျှကိုသိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၊ သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိမည်သော (ပစ္စေကဗုဒ္ဓါ သာဝက တို့နှင့် လုံးဝမပိုင် မသက်ဆိုင်သော) အသာဓာရဏဉာဏ် တော်၊ သတ္တဝါတို့၏အလို အကြိုက်ဖြစ်သော အယူများနှင့် အသိဉာဏ်ဟူသော စိတ်ဓာတ်၏ကိန်းဝပ် တည်နေရာ အာသယနှင့် အကြောင်းညီညွတ်လျှင် ဖြစ်နိုင်သော ကိလေသာဟူသော အနုသယတို့ကို သိစွမ်းနိုင်သော အာသယာနုသယမည်သော။ ၀။ အသာဓာရဏဉာဏ်

http://www.dhammadownload.com



ဉာဏ်တော်၊ ရေအယဉ်မီးလျှံ အဖန်ဖန်ဖြင့် ပြန်လှန်ဖုံဖုံ အစုံစုံတန်ခိုးပြာဋိဟာ အမျိုးမျိုးကို စိုးမိုးနိုင်နင်း တစ်ခဏ ခြင်းဖြင့် ဖန်ဆင်းစီရင်တော်မူနိုင်သော ယမကပါဋိဟာရိယ –မည်သော။ ပ။ အသာဓာရဏဉာဏ်တော်။ အလုံးစုံ များစွာ သတ္တဝါအပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကြီးစွာ မဟာကရုဏာနှင့်ယှဉ်သော မဟာ ကရုဏာသမာပတ္တိမည်သော။ ပ။ အသာဓာရဏ ဉာဏ်တော်၊ ရှိရှိသမျှတရား အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတ–မည်သော။ ပ။ အသာဓာရဏ ဉာဏ်တော်၊ ကြည့်ရှုဆင်ခြင်လျှင် ပိတ်ပင်ကွယ်ခြား ဆီးတားမရှိ ထုတ်ခြင်းပေါက် မြင်သိနိုင်သော အနာဝရဏ မည်သော ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် လုံးဝမပိုင် မသက် ဆိုင်သော အသာဓာရဏဉာဏ်တော်၊ ဤသို့အားဖြင့် ဗုဒ္ဓဉာဏ်တော်(၁၄)ပါး။

(၁) အကြောင်းဟုတ်–မဟုတ်, မှန်–မမှန်ကို ကောန်

http://www.dhammadownload.com



သိနိုင်သော ဌာနာဌာနကောသလ္လ ဉာဏ်တော်၊ (၂)ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးပေးဝိပါက်ကို ဂတိ, ဥပဓိ, ကာလ, ပယောဂဟူသော အထောက်အပံ့ ပစ္စယ အကြောင်းအားဖြင့်လည်းကောင်း၊ ကံ–ဟူသော မူလ အကြောင်းအရင်းအားဖြင့်လည်းကောင်း ပိုင်းခြား၍ သိနိုင်သော ကမ္မဝိပါကဉာဏ်တော်၊ (၃)အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန်အငြိမ်းဓါတ်သို့ ဆိုက်ရောက် စေတတ်သည့် ပဋိပတ်အကျင့်လမ်းကို ဖြောင့်တန်းစွာ သိနိုင်သော သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်၊(၄)စက္ခုဓာတ်, ကာမဓာတ်အစရှိသော များပြားသောဓာတ်နှင့် အချင်းချင်း သဘော လက္ခဏာအားဖြင့် ထူးခြားသောဓာတ်ရှိသော ခန္ဓာငါးပါးဟူသော ခန္ဓာလောက, အာယတန (၁၂)ပါး ဟူသော အာယတနလောက, ဓါတ်(၁၈)ပါးဟူသော ဓာတ်လောကတို့ကို ခွဲခြားဝေဖန်၍ ကောန်သိနိုင်သော အနေကဓာတု နာနာဓာတုလောကဉာဏ်တော်၊ (၅)

http://www.dhammadownload.com



သတ္တဝါ၏ စိတ်နေစိတ်ထား နှလုံးသွင်းပုံအစားစားကို ပိုင်းခြား၍သိသော နာနာဓိမုတ္တိကဉာဏ်တော်၊ (၆) သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရော ပရိယတ္တိဉာဏ်တော်၊ (၇)ရူပဈာန်(၄)ပါး၊ ဝိမောက္ခ(၈)ပါး၊ သဝိတက္က သဝိစာရစသော သမာဓိ(၃)ပါး၊ ရူပ–အရူပ နိရောဟူသော သမာပတ်(၉)ပါးတို့၏ ညစ်နွမ်းခြင်း– သံကိလေသ၊ ဖြူစင်ခြင်း–ဝေါဒါန၊ သမာပတ်မှထကြောင်း ဘဝင်စိတ် ဖိုလ်စိတ်နှင့် အထက်ဈာန်သို့ ရောက်နိုင်ကြောင်း ကောင်းကောင်း လေ့လာထားပြီးသော အောက်ဈာန် ဟူသော ဝုဋ္ဌာနတို့ကို မုချသိနိုင်စွမ်းသော ဈာန– ဝိမောက္ခ–သမာဓိ–သမာပတ္တိ–သံကိလေသ၊ ဝေါဒါန ဝုဋ္ဌာနဉာဏ်တော်၊(၈) ပုဗ္ဗေနိဝါသဉာဏ်တော်၊ (၉) ဒိဗ္ဗစက္ခုဉာဏ်တော်၊ (၁၀) အာသဝက္ခယဉာဏ်တော် ဤသို့အားဖြင့် ဒသဗလဉာဏ်တော် (၁၀)ပါး။

http://www.dhammadownload.com



ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန်သိသော သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံတော်မူရာ၌လည်းကောင်း၊ အာသဝကိလေသာခပ်သိမ်း အကုန်ငြိမ်းပြီးသော ခီဏာသဝဟု ဝန်ခံတော်မူရာ၌လည်းကောင်း၊ နတ်ရွာနိဗ္ဗာန်ချမ်းမဂ်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်သော အန္တရာယိကဓမ္မတို့ကို ဟောကြားတော်မူရာ၌လည်းကောင်း၊ အရိယမဂ်တရားကို သံသရာဝဋ်မှ ထွက်သွားတတ်, ထုတ်ဆောင်တတ်သော နိယျာနိကဓမ္မဟု ဟောကြားတော်မူရာ၌လည်းကောင်း၊ ဤလေးပါးသောဌာနတို့၌ နတ်, လူနှင့်တကွ တစ်လောကလုံးတွင် တစ်ဦးတစ်ယောက်မျှ အကြောင်းနှင့်တကွ အပြစ်ပြ၍ စောဒကဝင်နိုင်ဖွယ် အရိပ်နိမိတ် တစ်စုံတစ်ရာမျှ မရှိသဖြင့် မကြောက်မရွံ့ ရဲရင့်တော်မူခြင်းကို ဆင်ခြင်တော်မူသောအခါဝယ် ဝမ်းသာရွှင်လန်းမှု သောမနဿနှင့်ယှဉ်သော စတုဝေသာရဇ္ဇ ဉာဏ်တော်(၄)ပါး။

http://www.dhammadownload.com



မင်းတို့၏ အစည်းအဝေးဟူသော ခတ္တိယ ပရိသတ်၊ ပုဏ္ဏားတို့၏ အစည်းအဝေးဟူသော ဗြာဟ္မဏ ပရိသတ်၊ သူဌေးသူကြွယ်တို့၏ အစည်းအဝေး ဟူသော ဂဟပတိပရိသတ်၊ ရသေ့ရဟန်းတို့၏ အစည်း အဝေး ဟူသော သမဏပရိသတ်၊ စတုမဟာရာဇ်က နတ်တို့၏ အစည်းအဝေးဟူသော စတုမဟာရာဇ်က ပရိသတ်၊ တာဝတိံသာနတ်တို့၏ အစည်းအဝေးဟူသော တာဝတိံ သာပရိသတ်၊ မာရ်နတ်ဘက်တော်သားတို့၏ အစည်း အဝေးဟူသော မာရပရိသတ်၊ ဗြဟ္မာတို့၏ အစည်း အဝေးဟူသော ဗြဟ္မာပရိသတ်အားဖြင့် ရှစ်ပါးသော ပရိသတ်တို့အား ကြောက်ရွံ့ခြင်းကို မရှိဘဲ ရဲရင့်စွာ ဝင်ရောက်ဟောပြောနိုင်ခြင်းကို ဆင်ခြင်တော်မူသော အခါဝယ် ဝမ်းသာရွှင်လန်းမှု သောမနဿနှင့်ယှဉ်သော အဋ္ဌပရိသာဝေသာရဇ္ဇဉာဏ်တော် (၈)ပါး။

ဥမှပေါက်ဖွားသော သတ္တဝါမျိုးဟူသော အဏ္ဍဇ

http://www.dhammadownload.com



ယောနိ၊ သားအိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုးဟူသော ဇလာဗုဇယောနိ၊ အညှီ၌ ဖြစ်ပွားသော သတ္တဝါမျိုးဟူသော သံသေဒဇယောနိ၊ အနီး၌ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံဖြစ်သော ဥပပါတ်ယောနိအားဖြင့် လေးပါးသော ယောနိတို့ကို ပိုင်းခြားသိသော၊ စတုယောနိပရိစ္ဆေဒ ဉာဏ်တော်(၄)ပါး။

နတ်, လူ, တိရစ္ဆာန်, ပြိတ္တာ, ငရဲတည်းဟူသော ဂတိငါးပါးကို ပိုင်းခြား၍သိသော ပဉ္စဂတိ ပရိစ္ဆေဒ ဉာဏ်တော်(၅)ပါး။

ဇရာမရဏဟူသော ဒုက္ခ၌သိသောဉာဏ်၊ ဇရာ မရဏ၏ဖြစ်ကြောင်း ဇာတိဟူသော ဒုက္ခသမုဒယ၌ သိသောဉာဏ်၊ ဇရာမရဏ၏ ချုပ်ခြင်းဟူသော (နိရောဓ၌ သိသောဉာဏ်၊ ဇရာမရဏ၏ချုပ်ခြင်း) နိရောဓသို့ ရောက် ကြောင်းဖြစ်သော မဂ္ဂ၌သိသောဉာဏ်၊ ဇာတိဟူသော ဒုက္ခ၌သိသောဉာဏ် ။ ပ ။ သင်္ခါရတို့ဟူသော ဒုက္ခ၌

http://www.dhammadownload.com



ဒုက္ခသမုဒယ၌ သိသောဉာဏ်၊ သင်္ခါရတို့၏ ချုပ်ခြင်းဟူသော နိရောဓ၌ သိသောဉာဏ်၊ သင်္ခါရတို့၏ ချုပ်ခြင်း နိရောဓသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂ၌သိသောဉာဏ်၊ ဤသို့အားဖြင့် (၄၄)ပါးသော ဉာဏ်တော်။

ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာ မရဏမရှိဟု သိသောဉာဏ်၊ အတိတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်၊ အနာဂတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ကို သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏ မရှိဟုသိသောဉာဏ်၊ ထိုဉာဏ်(၆)ပါးကို ကုန်ခြင်းသဘော ရှိသည်, ပျောက်ခြင်းသဘောရှိသည်, ပျက်ပြယ်ခြင်း သဘောရှိသည်, ချုပ်ခြင်းသဘောရှိသည်ဟု သိသောဉာဏ် ။ ပ ။ အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည်ဟု သိသော ဉာဏ်, အဝိဇ္ဇာမရှိလျှင် သင်္ခါရ

http://www.dhammadownload.com



တို့မရှိဟုသိသောဉာဏ်, အတိတ်ကာလ၌လည်း, အနာဂတ်ကာလ၌လည်း ထို ဉာဏ်(၆)ပါးကို ကုန်ခြင်းသဘောရှိသည်, ပျောက်ခြင်း သဘောရှိသည်, ပျက်ပြယ်ခြင်း သဘောရှိသည်, ချုပ်ခြင်း သဘောရှိသည်ဟု သိသောဉာဏ်၊ ဤသို့အားဖြင့် (၇)-ပါးသောဉာဏ်တော်။

ဤသို့စသည်ဖြင့် အရဟတ္တမဂ်ဟူသော ဝိမောက္ခ၏အဆုံး၌ဖြစ်၍ ဝိမောက္ခန္တိကမည်သော အရဟတ္တဖိုလ်ကို ရသည်နှင့်တစ်ပြိုင်နက်ရအပ်သော ဉာဏ်တော်များဖြစ်၍ ဝိမောက္ခန္တိကမည်သော ဉာဏ်တော်ပေါင်းအနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ဉေယျမံငါးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓ-ဟူသောအမည်တော်နာမဝိသေသဂုဏ် တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင်နှံ့လျက် ကျော်ဇောတော်မူပေသော မြတ်စွာဘုရား။

http://www.dhammadownload.com



(ဤမှဒ္ဒဂုဏ်တော် ၅–ပုဒ်တို့တွင် ၂–နှင့် ၃၊ ၄နှင့် ၅– တို့သည် အကျဉ်းနှင့်အကျယ်အဖြစ်မျှသာ ထူးကြသည်။)

## ၉–(၁၀) ဘဂဝါဂုဏ်တော် ၉–ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဖူး တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့ထက် လွန်ကဲမြင့်မြတ်သော ပုဂ္ဂိုလ်ထူးအဖြစ်ဖြင့် အလေးပြုအပ်ပြုထိုက်သောကြောင့် ရတော်မူသော ဘဂဝါ ဟူသောအမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၂။ လောကီ, လောကုတ္တရာချမ်းသာတို့ကို ဖြစ်စေ နိုင်သော ဒါန, သီလစသည် အလီလီ အဆင့်ဆင့် အမြင့် မြတ်ဆုံး ဘုန်းကံတော်အနန္တတို့နှင့် လုံးဝဥဿုံပြည့်စုံ တော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

http://www.dhammadownload.com



၃။ လောဘ, ဒေါသ, မောဟအစရှိသော တစ်သိန်းမက များစွာသောကိလေသာတို့ကို လည်းကောင်း၊ အကျဉ်းချုပ်အားဖြင့် ကိလေသာမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်, ဒေဝပုတ္တမာရ်ဟူသော မာရ်ငါးပါးတို့ကို လည်းကောင်း ချိုးဖျက်ပယ်ရှင်းတော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၄။ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘဂခေါ်ဝေါ် (၆)ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၅။ ကိုယ်တော်နှင့် စိတ်တော်ကို ဝသီဘော်မြောက်အောင် အခေါင်အထွက် ဆန္ဒညွတ်ရှိုင်း အလိုရှိတိုင်း နိုင်းနင်း၍ အစိုးရတော်မူခြင်းတည်းဟူသော ဣဿရိယ ဘုန်းတော်၊ လောကီ, လောကုတ္တရာ၏ အညွန့်အဖူး

http://www.dhammadownload.com



အထူးအမြတ်ဆုံးဖြစ်သောစျာန်, အဘိညာဉ်, မဂ်ဖိုလ် တရားတည်းဟူသော ဓမ္မဘုန်းတော်၊ ဟုတ်မှန်သည့်အတိုင်း ဘဝဂ်ခိုင်းအောင် ပျံ့လွှင့်ထင်ရှား ကျော်ကြားတော် မူခြင်း တည်းဟူသော ယသဘုန်းတော်၊ ယောကျ်ားမြတ်တို့၏ (၃၂)ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်ဝင်းပ သပ္ပါယ်တော်မူလှသည့် ရူပကာယ၏ ပြည့်စုံ တော်မူခြင်း ကျက်သရေတော်တည်းဟူသော သိရီ ဘုန်းတော်၊ ကိုယ်တော်မြတ်၏ အကျိုးစီးပွား ဝေနေယျ သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွားတည်းဟူသော အတ္တဟိတ, ပရဟိတ ၂-ပါးတို့ကို အလိုဆန္ဒတော်အတိုင်း ပြီးစီးပြည့်စုံစေနိုင်သော ကာမဘုန်းတော်၊ တစ်လောက လုံး၏ ဆရာဖြစ်ကြောင်း ကောင်းမြတ်သောလုံ့လ သမ္မပ္ပ- ဓာန် ဝီရိယတည်းဟူသော ပယတ္တဘုန်းတော်၊ ဤသို့ အားဖြင့် ဘဂခေါ်ဝေါ် ၆-ပါးသော ဘုန်းတော်တို့နှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၆။ အလုံးစုံသော သဘောတရားတို့ကို ကုသိုလ်စသည့်, ခန္ဓာစသည်တို့ဖြင့်လည်းကောင်း၊ သစ္စာ(၄)ပါးတို့ကို တစ်ဆယ့်ခြောက်ချက်သော သဘောအနက်တို့ဖြင့်လည်းကောင်း၊ ဝေဖန်လှစ်ဟ ဟောပြတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၇။ ဝိဟာရ(၃)ပါး, ဝိဝေက(၃)ပါး, ဝိမောက္ခ (၃)ပါးတို့ကိုလည်းကောင်း၊ ထို့ပြင် လောကီ, လောကုတ္တရာတရားထူးတို့ကိုလည်းကောင်း၊ မှီဝဲဆည်းကပ်တော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

၈။ ကသိဏ်းစသည်ကို အာရုံပြု၍ဖြစ်သော ရူပဈာန်ဟူသော ဒိဗ္ဗဝိဟာရ၊ မေတ္တာ, ကရုဏာ, မုဒိတာ,

http://www.dhammadownload.com



ဥပေက္ခာစျာန်ဟူသော ဗြဟ္မဝိဟာရ၊ ဖလသမာပတ်ဟူသော အရိယဝိဟာရအားဖြင့် (၃)ပါးသော ဝိဟာရတို့ကို လည်းကောင်း၊ ကာမဂုဏ်(၅)ပါးမှ ဆိတ်ငြိမ်ရာ၌ နေခြင်းဟူသော ကာယဝိဝေက၊ ပထမစျာန်စသည်ဖြင့် နီဝရဏစသည်တို့မှ ဆိတ်ငြိမ်ခြင်းဟူသော စိတ္တဝိဝေက၊ ဥပဓိ(၄)ပါးမှဆိတ်သော နိဗ္ဗာန်ဟူသော ဥပဓိဝိဝေကအားဖြင့် (၃)ပါးသောဝိဝေကတို့ကို လည်းကောင်း၊ အနတ္တာ နုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော သုညတဝိမောက္ခ၊ ဒုက္ခာနုပဿနာဖြင့်ရသည် မဂ်တည်းဟူသော အပ္ပဏိဟိတဝိမောက္ခ၊ အနိစ္စာနုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော အနိမိတ္တဝိမောက္ခအားဖြင့် (၃)ပါးသော ဝိမောက္ခတို့ကို လည်းကောင်း၊ ထိုမှတစ်ပါး လောကီစျာန် အဘိညာဏ်တို့နှင့် လောကုတ္တရာသမာပတ် တို့ကိုလည်းကောင်း မှီဝဲဆည်းကပ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ။ ပ။ မြတ်စွာဘုရား။

http://www.dhammadownload.com



၉။ ကာမ၊ရူပ၊အရူပဟူသော ဘဝသုံးပါး၌ အစဉ်မနား ပြေးသွားနေသော ဘဝတဏှာကို ထွေးအန်စွန့်ပစ်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ်မဆန့်တက်အောင် နှံ့လျက်ကျော်ဇောတော်မူပေသော မြတ်စွာဘုရား။

(ဤဘဂဝါဂုဏ်တော် ၉–ပုဒ်တို့တွင် ၄–နှင့်–၅၊ ၇–နှင့်–၈–တို့သည် အကျဉ်းနှင့်အကျယ်အဖြစ်မျှသာထူးသည်။)

ဤသို့လျှင် အရဟံ အစရှိသော (၉)ပါးသော ဂုဏ်တော်, (၁၀)ပါးသောဂုဏ်တော်, အနန္တဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။

(သုံးကြိမ်ထပ်၍ ဆိုပါ၊)

ဂုဏ်တော် (၉)ပါး ဘုရားရှိခိုး ပြီး၏။

http://www.dhammadownload.com



# တရားဂုဏ်တော် ၆–ပါးရှိခိုး

ဘဂဝတော–မြတ်စွာဘုရားသည်၊ သွာက္ခာ–တော–ဟောကြားတော်မူအပ်သော၊ ဓမ္မော–တရားတော်သည်။

၁။ သွာက္ခာတော–ကိလေသာငြိမ်းကြောင်း ကောင်းမွန်မှန်ကန်စွာ ဟောအပ်သောတရား တော်မြတ်ပါပေတကား၊

၂။ သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်လျှင် မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။

၃။ အကာလိကော–အချိန်အခွင့်မဆိုင်းလင့်ဘဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သော တရားတော် မြတ်ပါပေတကား။

http://www.dhammadownload.com



၄။ ဧဟိပဿိကော-လာပါ၊ကြည့်လှည့်ပါဟု ကျင့်ကြံအားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရားတော် မြတ်ပါပေတကား။

၅။ ဩပနေယျိကော-မိမိသန္တာန်၌တည်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေ တကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-တရားမြင်သိသည့် ပညာရှိ ရှစ်ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီး သိမြင်ခံစားရသော တရားတော်မြတ် ပါပေတကား။

သွာက္ခာတအစရှိသော ဂုဏ်တော် (၆) ပါးနှင့်ပြည့်စုံတော်မူသော မဂ်(၄)ပါး, ဖိုလ်(၄)ပါး, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသောတရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

တရားဂုဏ်တော်(၆)ပါး ရှိခိုးပြီး၏။

http://www.dhammadownload.com



# သံဃာ့ဂုဏ်တော် ၉-ပါးရှိခိုး

ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝက သံဃော- တပည့်သားအပေါင်း သံဃာတော်သည်-

၁။ သုပ္ပဋိပန္နော-လောဘ,ဒေါသ,မောဟကင်းကြောင်း (သီလ,သမာဓိ,ပညာအကျင့်ကောင်းကို) ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၂။ ဥဇုပ္ပဋိပန္နော-ကိုယ်, နှုတ်, စိတ်ထား အကောက် သုံးပါးကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာ တော်မြတ်ပါပေတကား။

၃။ ဉာယပ္ပဋိပ္ပန္နော-ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာကျင့်တော်မူသော သံဃာတော်မြတ် ပါပေ တကား။

၄။ သာမိစိပ္ပဋိပန္နော-သူများကပြုသည့် ရိုသေသမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော

http://www.dhammadownload.com



သံဃာ တော်မြတ်ပါပေတကား။

၅။ အာဟုနေယျော– အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၆။ ပါဟုနေယျော–ချစ်မြတ်နိုးအပ်သည့် ဧည့်သည်များအတွက် အထူးပြုပြင်ထားသော စားကောင်းသောက် ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက်, ခံယူတော်မူထိုက်သော သံဃာတော်မြတ် ပါပေတကား။

၇။ ဒက္ခိဏေယျော–နောင်တမလွန်လောက၌ ကောင်းကျိုးရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၈။ အဉ္ဇလိကရဏီယော–ကောင်းကျိုးချမ်းသာ မုန်စွာရမည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော်မြတ်ပါပေတကား။

http://www.dhammadownload.com



၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ–ကောင်းမှု မျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်း၏ အကောင်းဆုံးလယ်ယာမြေဖြစ်တော်မူသော သံဃာ တော်မြတ်ပါပေတကား။

သုပ္ပဋိပန္န အစရှိသော ဤ(၉)ပါးသော ဂုဏ် တော်တို့နှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် ရှစ်ပါးသောအရိယာပုဂ္ဂိုလ် အပေါင်းသံဃာတော်မြတ်ကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

**သံဃာဂုဏ်တော်(၉)ပါး ရှိခိုးပြီး၏။**

http://www.dhammadownload.com



# ဉာဏ်စဉ်(၁၆)ပါး ဘုရားရှိခိုး

၁။ နာမရူပ ပရိစ္ဆေဒံ၊ တပ္ပစ္စယ ပရိဂ္ဂဟံ။
တံ သမ္မသနံ ဥဒယဗ္ဗယဉာဏဉ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝ–ဉာဏဉ္စ နိဗ္ဗိဒံ အထ။
မုဉ္စိတုကမျတံ ပဋိ–သင်္ခါသင်္ခါ ရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ၊ မဂ္ဂဉာဏံဖလံ တထာ။
ပစ္စဝေက္ခဏာ ဉာဏန္တိ၊ တိလောကမှိပိ ကောနုစိ။

၄။ အဒေသိယေ သာသနိကေ၊ ဉာဏံ မေ သောဠ
သုတ္တရေ။
ဒေသေတာရံ ပဝတ္တာရံ၊ ဗုဒ္ဓံ တီဟာဒရံ
နမေ။

(၁) နာမရူပ ပရိစ္ဆေဒံ–နာမ်ရုပ်တရားတို့ကို ပိုင်းခြား

http://www.dhammadownload.com



၍သိသော နာမရူပပရိစ္ဆေဒဉာဏ် လည်းကောင်း။

(၂) တပ္ပစ္စယပရိဂ္ဂဟာ-ထိုနာမ်ရုပ်တို့၏ အကြောင်း တရားကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ် လည်းကောင်း။

(၃) တံ သမ္မသနံ-ထိုနာမ်ရုပ်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသန ဉာဏ်လည်းကောင်း။

(၄) ဥဒယဗ္ဗယဉာဏဥ္စ-နာမ်ရုပ်တို့၏ အသစ်သစ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေါ်ပြီးလျှင် တစ်ခဏချင်း ပျက်စီး သွားခြင်းကို ရှုမှတ်ထင်ထင် သိမြင်သော ဥဒယဗ္ဗယဉာဏ် လည်းကောင်း။

(၅) ဘင်္ဂံ-နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ် ထင်ထင် သိမြင်သောဘင်္ဂဉာဏ် လည်းကောင်း။

(၆) ဘယဉာဏဥ္စ-နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဖွယ် ဘေးကြီးအဖြစ်ဖြင့်

http://www.dhammadownload.com



ထင်မြင်သော ဘယဉာဏ် လည်းကောင်း။

(၇) အာဒီနဝဉာဏာစ္စ–နာမ်,ရုပ်,သင်္ခါရတို့၌ ကိုးကွယ်ရာမထင် အပြစ်မြင်သော အာဒီနဝဉာဏ်လည်းကောင်း။

(၈) နိဗ္ဗိဒံ–နာမ်, ရုပ်, သင်္ခါရတို့၌ မပျော်မဒမွေ့ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်လည်းကောင်း။

အထ–အနက်သဘောတူသော ရှေ့ဉာဏ်သုံးခုတို့မှတစ်ပါး အနက်သဘောတူသော နောက်ဉာဏ်သုံးခုကား။

(၉) မုဉ္စိတုကမျတံ–နာမ်, ရုပ်, သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်းထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်လည်းကောင်း။

(၁၀) ပဋိသင်္ခ– အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုလှသဖြင့် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စအစရှိသော လေးဆယ်သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ, ဒုက္ခ, အနတ္တအနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်လည်းကောင်း။

http://www.dhammadownload.com



(၁၁) သင်္ခါရုပေက္ခကံ–အနိစ္စ ဒုက္ခ အနတ္တအနေအားဖြင့် ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုရသဖြင့် အလွန်ပြင်းထန်သော လုံ့လကိုလည်းမပြု၊ ထိုနာမ်ရုပ် သင်္ခါရတို့၌ ကြောက် လန့်ခြင်း၊ နှစ်သက်ခြင်းနှစ်ပါးကိုလည်း စွန့်ပယ်၍ သိရုံ, သိရုံသာ အညီအမျှရှုသော သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း။

(၁၂) အနုလောမဥ္စ–အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှေးဉာဏ်ရှစ်ပါး နှင့် နောက်မဂ္ဂသစ္စာအားလျော်သော (ဂေါတြဘူ၏ ရှေးအခြားမဲ့၌ နှစ်ကြိမ်, သုံးကြိမ်ဖြစ်သော) အနုလောမဉာဏ်လည်းကောင်း။

(၁၃) ဂေါတြဘုံ–ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာ အနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ရှေးအဖို့၌ တစ်ကြိမ်မျှသာဖြစ်သော ဂေါတြဘူဉာဏ်လည်းကောင်း။

http://www.dhammadownload.com



(၁၄) မဂ္ဂညာဏံ-နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာလေးပါးကို တစ်ပြိုင်နက်သိသော မဂ်ဉာဏ်လည်းကောင်း။

(၁၅) ဖလံ-မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကိုအာရုံပြုလျက် ဖြစ်သော ဖိုလ်ဉာဏ်လည်းကောင်း။

(၁၆) တထာ-ထိုမှတစ်ပါး၊ ပစ္စဝေက္ခဏာဉာဏံ-မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ၊ မပယ်ရသေးသော ကိလေသာအားဖြင့် ဤငါးပါးသော တရားအစုတို့ကို ပြန်လှန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်လည်းကောင်း၊ ဣတိ-ဤသို့၊ တိလောကမှိ-ကာမ, ရူပ, အရူပဟု လောကသုံးဖြာ စကြဝဠာရှိသမျှ အနန္တမဆုံးလောကကြီးတစ်ခုလုံး၌၊ ကေနစိပိ-နတ်, လူ, ဗြဟ္မာ, သတ္တဝါတစ်ဦးတစ်ယောက်မျှသော်လည်း၊ အဒေသိယေ-မကြားမနာ ကြံစည်ကာဖြင့် ယထာဘူတ အမှန်အကန်ကျအောင် ဟောပြခြင်းငှာ မစွမ်းနိုင်ရာ ကောင်းကုန်သော၊ သာသနိကေ-ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အတွင်း၌

http://www.dhammadownload.com



သာလျှင် ပေါ်လင်း ဖြစ်ထွန်းနိုင်ကောင်းကုန်သော၊ ဥတ္တရေ–လောကီ ပညာအရပ်ရပ်တို့ထက် ထူးကဲမြင့်မြတ်ကုန်သော၊ ဣမေ သောဠသ ဉာဏေ–ဤ(၁၆) ပါးသော ဉာဏ်တို့ကို၊ ဒေသေတာရံ– မိမိကိုယ်တော်တိုင် ပိုင်ပိုင်လှလှ အမှန်အကန်သိရ၍ လှစ်ဟာထုတ်ဖော် ဟောကြားတော်မူတတ်ပေထသော၊ ပဝတ္တာရံ–မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ပြဟ္မာနတ်လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏပုထုဇဉ် အရိယာ သခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော်မူတတ်ပေထသော၊ ဗုဒ္ဓံ–သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို၊ အဟံ–ဘုရားတပည့်တော်သည်၊ တိဟိ–ကာယဒွါတ်ချီ၊ ဝစီ– မန၊ သုံးဒွါရတို့ဖြင့်၊ နမေ–နမာမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

http://www.dhammadownload.com



# ပဋိပတ္တိ ပူဇနာကာရ ဘုရားရှိခိုး

**၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။**

သော ဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ– သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူပြီးသည်ဖြစ်၍၊ ဗောဓာယ–သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို၊ ဒေသေတိ– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ–သက်တော်ထင်ရှား ထိုမြတ်စွာ ဘုရား သခင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒာမိ– ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထား ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဒန္တော–မြင်ကြားတွေ့ရာ၊ ကြံသိရာမှ၊ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည် ဖြစ်၍၊ ဒမထာယ–သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–ယဉ်ကျေးစေရန် တရားမှန်ကို၊ ဒေသေတိ–ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ–သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒာမိ–ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုး ကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ သန္တော–ရာဂစသား အလုပ်အရှုးကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍၊ သမထာယ၊ သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက် ငြိမ်းအေး ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–ငြိမ်သက်စေရန် တရားမှန် ကို၊ ဒေသေတိ– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ –သက်တော် ထင်ရှား ထိုမြတ်စွာဘုရား သခင်ကို၊ အဟံ–အကျွန်ုပ် သည်၊ ဝန္ဒာမိ–ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ တိဏ္ဏော–ဩဃလေးဖြာ သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်တော်မူပြီးသည်ဖြစ်၍၊ တရဏာယ– သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ– ကူးမြောက်စေရန် တရားမှန်ကို၊ ဒေသေတိ–ကရုဏာ ရှေ့သွား၊ ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ–သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒာမိ–ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ–ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတော–ကိလေသာခပ်သိမ်း အလုံးစုံ ငြိမ်းပြီးသည်ဖြစ်၍၊ ပရိနိဗ္ဗာနာယ– သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာခပ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–ကိလေသာငြိမ်းရန် တရားမှန်ကို၊ ဒေသေတ္တိ–ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ–သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒာမိ–ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

| စဉ် | အကြိမ် | နှစ် | အရေအတွက် |
|---|---|---|---|
| ၁။ | ပထမ | ၁၀/၁၉၈၁ | ၈၀၀၀ |
| ၂။ | ဒုတိယ | ၃/၁၉၈၂ | ၈၀၀၀ |
| ၃။ | တတိယ | ၈/၁၉၈၅ | ၃၀၀၀ |
| ၄။ | စတုတ္ထ | မှတ်တမ်းခမ်းတွင်မရှိပါ | |
| ၅။ | ပဉ္စမ | ၁၂/၁၉၉၁ | ၂၀၀၀ |
| ၆။ | ဆဋ္ဌမ | ၄/၁၉၉၃ | ၃၀၀၀ |
| ၇။ | သတ္တမ | ၁၂/၁၉၉၄ | ၅၀၀၀ |
| ၈။ | အဋ္ဌမ | ၉/၂၀၁၄ | ၅၀၀၀ |
| ၉။ | နဝမ | ၈/၂၀၁၇ | ၅၀၀၀ |

* မှတ်ချက်။ ။ အဋ္ဌမအကြိမ် ပုံနှိပ်စာအုပ်ကို ပရိယတ္တိ ပဋိပတ္တိ စာပေပြန့်ပွားရေးအဖွဲ့ ငယ်မှ ဦးသိန်းဝင်းက ပြန်လည်ဖတ်ရှုစစ်ပြီး ယင်းစာအုပ်၏ မူလဖလင်ပြားများဖြင့် ယခု နဝမအကြိမ် စာအုပ်ကို ပုံနှိပ်ထားပါသည်။

http://www.dhammadownload.com

# သစ္စာအနက် (၁၆)ချက်

## ဒုက္ခသစ္စာ

ပီဠနဋ္ဌ - ညှဉ်းဆဲတတ်, ညှဉ်းဆဲအပ်သော အနက်သဘော၊
သင်္ခတဋ္ဌ - ပြုပြင်အပ်သော အနက်သဘော၊
သန္တာပဋ္ဌ - ပူလောင်စေတတ်သော အနက်သဘော၊
ဝိပရိဏာမဋ္ဌ - ဖောက်ပြန်ပြောင်းလဲ မတည်မြဲသော အနက်သဘော။

## သမုဒယသစ္စာ

အာယူဟနဋ္ဌ - ဆင်းရဲပွားအောင် အားထုတ်ခြင်း အနက်သဘော၊
နိဒါနဋ္ဌ - ဆင်းရဲဖြစ်ခြင်း၏ အကြောင်းရင်း အနက်သဘော၊
သံယောဂဋ္ဌ - သံသရာဆင်းရဲနှင့် ယှဉ်တွဲစေသော အနက်သဘော၊
ပလိဗောဓဋ္ဌ - နှောင့်ယှက်ပိတ်ပင်တတ်သော အနက်သဘော၊

## နိရောဓသစ္စာ

နိဿရဏဋ္ဌ - ဆင်းရဲဒုက္ခမှ လွတ်ကင်းသော အနက်သဘော၊
ဝိဝေကဋ္ဌ - သင်္ခါရဒုက္ခ လုံးဝကင်းရှင်းဆိတ်ငြိမ်ခြင်း အနက်သဘော၊
အသင်္ခတဋ္ဌ - အကြောင်းတစ်စုံတစ်ခုက မပြုပြင်ရသော အနက်သဘော၊
အမတဋ္ဌ - မတည်မပျက်ဘဲ အမြဲတည်နေသော အနက်သဘော။

## မဂ္ဂသစ္စာ

နိယျာနဋ္ဌ - ဝဋ်ဆင်းရဲမှ ထွက်သွားတတ်, ထုတ်ဆောင်တတ်သော အနက်သဘော၊
ဟေတုဋ္ဌ - အကြောင်းရင်းဖြစ်သော အနက်သဘော၊
ဒဿနဋ္ဌ - နိဗ္ဗာန်အလင်းကို ဖောက်ထွင်းမြင်ကာ လေးသစ္စာကို ပိုင်နိုင်စွာ သိမြင်ခြင်း အနက်သဘော၊
အာဓိပတေယျဋ္ဌ - အကြီးအမှူးဖြစ်ခြင်း အနက်သဘော။